**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၁ /၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

**ဦးစားပေးမြင့်တင်မည့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်သတ်မှတ်ခြင်း**
**(လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၃ နှင့် ပုဒ်မ ၁၀၀ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဦးစားပေးမြင့်တင်မည့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအဖြစ် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည် -

| စဉ် | | ကဏ္ဍ/လုပ်ငန်းအမျိုးအစား | Industrial Codes |
|---|---|---|---|
| (က) | | **လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုလုပ်ငန်းများ** | |
| | (၁) | CKD ၊ SKD စနစ်ဖြင့် HEV (Hybrid Electric Vehicle) ယာဉ်အမျိုးမျိုးတပ်ဆင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း (လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ အခြားယာဉ်များအပါအဝင်) | ISIC 2910, 2821, 3040 |
| | (၂) | CKD ၊ SKD စနစ်ဖြင့် PHEV (Plug-in Hybrid Electric Vehicle) ယာဉ်အမျိုးမျိုး တပ်ဆင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း (လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ အခြားယာဉ်များအပါအဝင်) | ISIC 2910, 2821, 3040 |
| | (၃) | CKD ၊ SKD စနစ်ဖြင့် BEV (Battery Electric Vehicle) ယာဉ်အမျိုးမျိုး တပ်ဆင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း (လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ အခြားယာဉ်များ အပါအဝင်) | ISIC 2910, 2821, 3040 |

| စဉ် | | ကဏ္ဍ/လုပ်ငန်းအမျိုးအစား | Industrial Codes |
|---|---|---|---|
| | (၄) | CKD ၊ SKD စနစ်ဖြင့် FCEV (Fuel Cell Electric Vehicle) ယာဉ်အမျိုးမျိုး တပ်ဆင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း (လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ အခြားယာဉ်များအပါအဝင်) | ISIC 2910, 2821,3040 |
| | (၅) | လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး၏ ကိုယ်ထည်အစိတ်အပိုင်းထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 2920 |
| | (၆) | လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး၏ ဆက်စပ်ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 2710, 2740,2790, 2930 |
| | (၇) | လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း | ISIC 4520 |
| | (၈) | CKD ၊ SKD စနစ်ဖြင့် လျှပ်စစ်သုံးနှစ်ဘီးတပ်ယာဉ်အမျိုးမျိုး တပ်ဆင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း (မော်တာတပ်စက်ဘီး၊ မိုပက်ဆိုင်ကယ်၊ စကူတာဆိုင်ကယ်နှင့် နှစ်ဘီးတပ်ဆိုင်ကယ်များ) | ISIC 3091,3092, 3099 |
| | (၉) | CKD ၊ SKD စနစ်ဖြင့် လျှပ်စစ်သုံးသုံးဘီးတပ်ယာဉ်အမျိုးမျိုး တပ်ဆင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း (သုံးဘီးမော်တော်ဆိုင်ကယ်၊ လူစီးသုံးဘီးမော်တော်ယာဉ်) | ISIC 3091,3092, 3099 |
| | (၁၀) | လျှပ်စစ်သုံး နှစ်ဘီးတပ်ယာဉ်၊ သုံးဘီးတပ်ယာဉ်အမျိုးမျိုး၏ ဆက်စပ်ပစ္စည်းများနှင့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 309 |
| | (၁၁) | လျှပ်စစ်မီးရထားစက်ခေါင်းထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 3020 |
| | (၁၂) | ဒီဇယ်-လျှပ်စစ် မီးရထားစက်ခေါင်းထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 3020 |
| | (၁၃) | အခြားအထွေထွေသုံး စက်ကိရိယာထုတ်လုပ်ခြင်းလုပ်ငန်း (လျှပ်စစ်သုံးမော်တော်ယာဉ်အတွက် air – conditioning စက်ကိရိယာ ထုတ်လုပ်ခြင်းအပါအဝင်) | ISIC 2819 |
| | (၁၄) | လျှပ်စစ်သုံးမော်တော်ယာဉ်အတွက် အီလက်ထရောနစ်အရုပ်/ အသံဆိုင်ရာ ပစ္စည်းကိရိယာထုတ်လုပ်ခြင်းလုပ်ငန်း | ISIC 2640 |
| | (၁၅) | လျှပ်စစ်သုံးမော်တော်ယာဉ်အတွက် တိုင်းတာခြင်း၊ စမ်းသပ်ခြင်း၊ မောင်းနှင်သွားလာမှုလမ်းညွှန်နှင့် ထိန်းချုပ်ခြင်းဆိုင် | ISIC 2651 |

| စဉ် | | ကဏ္ဍ/လုပ်ငန်းအမျိုးအစား | Industrial Codes |
|---|---|---|---|
| | | ရာ ပစ္စည်းကိရိယာထုတ်လုပ်ခြင်းလုပ်ငန်း | |
| | (၁၆) | လျှပ်စစ်ဓာတ်အားဖြည့်သွင်းခြင်းဆိုင်ရာ ဆက်စပ်ပစ္စည်းများ နှင့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများ ထုတ်လုပ်ခြင်း လုပ်ငန်း | ISIC 2720 |
| (ခ) | | **ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများ** | |
| | (၁) | သဘာဝဓာတ်ငွေ့သုံး သို့မဟုတ် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း | ISIC 351 |
| | (၂) | စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း | ISIC 3821 |
| | (၃) | ပေါင်းစပ်စွမ်းအင် (ဓာတ်ငွေ့နှင့် အပူစွမ်းအင်) သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း | ISIC 351 |
| | (၄) | နေရောင်ခြည်၊ လေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း | ISIC 351 |
| (ဂ) | | **လျှပ်စစ်သုံးယာဉ်အတွက် လျှပ်စစ်ဓာတ်အား ဖြည့်သွင်းခြင်း ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ** | - |
| (ဃ) | | **လျှပ်စစ်သုံးယာဉ်အတွက် ဘက်ထရီထုတ်လုပ်ခြင်းလုပ်ငန်း များ** | ISIC 2720 |
| (င) | | **လျှပ်စစ်သုံးယာဉ်အတွက် ဘက်ထရီနှင့် ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများ** | - |
| (စ) | | **လျှပ်စစ်သုံးဘတ်စ်ကားများပြေးဆွဲခြင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ** | ISIC 4922 |
| (ဆ) | | **လျှပ်စစ်သုံးအငှားယာဉ် (Taxi) နှင့် ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ** | - |
| (ဇ) | | **သိပ္ပံဆိုင်ရာသုတေသနဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ** | |
| | (၁) | လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ တီထွင်မှု နှင့် သုတေသနလုပ်ငန်းများ | ISIC 721, 722 |
| | (၂) | လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ technical testing and analysis လုပ်ငန်းများ | ISIC 712 |

| စဉ် | | ကဏ္ဍ/လုပ်ငန်းအမျိုးအစား | Industrial Codes |
|---|---|---|---|
| | (၃) | လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာနည်းပညာ အထောက်အကူပြု လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ | ISIC 853 |

ရှင်းလင်းချက် (၁)။ အထက်ပါဇယားတွင်ပါရှိသည့် Industrial Code များသည် International Standard Industrial Classification of All Economic Activities (ISIC), Rev.4 တွင်ပါရှိသည့် လုပ်ငန်းအမျိုးအစားများကို အကိုးအကားပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများအတွက် UN Statistical Commission ၏ Industrial Code သီးခြားထွက်ရှိလာပါက ပြောင်းလဲဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၇ ပုဒ်မခွဲ (က) အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ထောင်မှုကာလ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ပြင်ဆင်မှုကာလ အတွင်း အမှန်တကယ်လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်းများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များအတွက်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅ ပုဒ်မခွဲ (ဂ) နှင့်အညီ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားနိုင်ရန်အတွက်လည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားနိုင်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/ ၁/ ၂၀၂၃ ( ၀၀၀၇ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ (အားလုံး)
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ကြေညာပေးပါရန်
ရုံးလက်ခံ
မျှောစာတွဲ

အမိန့်အရ

(သန့်စင်လွင်)

အတွင်းရေးမှူး